# ACC Against COVID-19




## အစီအစဉ် (၉၀)

“ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ လူမှုစီးပွားအပေါ် သက်ရောက်မှုများအား
စိစစ်လေ့လာခြင်းနှင့် ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊
တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား
ပေါင်းစပ်ထည့်သွင်းခြင်းဆိုင်ရာ မှတ်စု”

UNDP ၏ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု
တိုက်ဖျက်ရေးအဖွဲ့

# တင်ပြဆွေးနွေးမှု၏ ရည်ရွယ်ချက်များ

- ရည်ရွယ်ချက်
  - ဤတင်ပြဆွေးနွေးမှုသည် "မှတ်စု – ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု စိစစ်လေ့လာခြင်း၊ လိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား ပေါင်းစပ်ထည့်သွင်းခြင်း" ("မှတ်စု") အား **<u>မိတ်ဆက် ခြင်း</u>** ဖြစ်သည်။
  - လမ်းညွှန်မှတ်စုအား UNDP ၏ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့က ပြုစုထားခြင်း ဖြစ်သည်။
  - ဤမိတ်ဆက်တင်ပြမှုကို UNDP မြန်မာမှ ပြင်ဆင်ပြုစုပါသည်။
  - <u>လမ်းညွှန်မှတ်စု အပြည့်အစုံကို အောက်ပါလင့်ခ်တွင် ရရှိနိုင်ပါသည် –</u>
  - <u>https://www.undp.org/content/undp/en/home/librarypage/democratic-governance/anti-corruption/integrating-transparency--accountability-and-anti-corruption-in-.html</u>

# မှတ်စုတွင် ပါဝင်သည့် အကြောင်းအရာများ

မာတိကာ

**(၁) နောက်ခံအချက်အလက်များ**

က။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် သက်ရောက်မှုများ၊

ခ။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေကို နောက်ခံပြု၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊

**(၂) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု စိစစ်လေ့လာခြင်း၊ လိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေးတို့အား ပေါင်းစပ်ထည့်သွင်းခြင်း၊**

အဆင့် (၁) - ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးအပေါ် အဂတိလိုက်စားမှု၏ အလုံးစုံသက်ရောက်မှုအား ဆန်းစစ်ခြင်း၊

အဆင့် (၂) - ကိုဗစ်-၁၉ အကျပ်အတည်း စီမံခန့်ခွဲမှုနှင့် တုံ့ပြန်မှုအတွင်းရှိ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်များအား ဆန်းစစ်ခြင်း၊

အဆင့်(၃) - လူမှုစီးပွားဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား ပေါင်းစပ်ထည့်သွင်းခြင်း၊

**(၃) ကိုဗစ်-၁၉၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု စိစစ်လေ့လာခြင်းတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ထည့်သွင်းရန်အတွက် စိစစ်လေ့လာရမည့် မေးခွန်းများ (checklist questions) ကို ပြုစုခြင်း၊**

(က) ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးအပေါ် အဂတိလိုက်စားမှု၏ အလုံးစုံသက်ရောက်မှုအား ဆန်းစစ်ခြင်း၊

(ခ) ကိုဗစ်-၁၉ အကြပ်အတည်း စီမံခန့်ခွဲမှုနှင့် တုံ့ပြန်မှုအတွင်းရှိ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအန္တရာယ်များအား ဆန်းစစ်ခြင်း၊

(ဂ) လူမှုစီးပွားတုံ့ပြန်ဆောင်ရွက်မှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား ပေါင်းစပ်ထည့်သွင်းခြင်း၊

# ၁.က) လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှု

- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကိုဗစ်-၁၉ သက်ရောက်မှု အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည့်အတိုင်း ဤကမ္ဘာ့ကပ်ရောဂါသည် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး စနစ်များအတွင်း ထိခိုက်လွယ်မှုများကို ဖြစ်ပေါ်စေပါသည်။
- ကမ္ဘာ့ဘဏ်၏ အဆိုအရ လူသန်းပေါင်း ၄၀-၆၀ သည် အလွန်အမင်းဆင်းရဲနွမ်းပါးသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်ပါသည်။
- ကမ္ဘာ့ကပ်ရောဂါသည် အဆင်းရဲအနွမ်းပါးဆုံး၊ ထိခိုက်လွယ်မှုနှင့် ပစ်ပယ်ခံရမှု အများဆုံး အခြေအနေရှိသူများကို အပြင်းထန်ဆုံး ထိခိုက်စေပြီး ကျားမတန်းတူညီမျှမှုအပေါ် ကြီးမား သောဆိုးကျိုး သက်ရောက်မှု ရှိပါသည်။
- အကြပ်အတည်းအား တုံ့ပြန်ရာတွင် အာဏာပိုင်များ၏ ထိရောက်စွာ ဆောင်ရွက်နိုင်မှုအပေါ် သဘောထားအမြင်များကြောင့် အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံရေးခေါင်းဆောင်ပိုင်းအပေါ် ယုံကြည်မှု လျော့ကျနိုင်ပါသည်။
- ကိုဗစ်-၁၉ သည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝင်ငွေမှစ၍ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်၊ ဘဏ္ဍာငွေ၊ အလုပ်အကိုင်၊ လုပ်ခ/လစာနှင့် စုဆောင်းငွေများအထိ စီးပွားရေးဆိုင်ရာရလဒ်များအပေါ် ထိခိုက်စေခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းစေခဲ့ပါသည်။

# ၁.က) လူမှုအဖွဲ့အစည်း၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးအပေါ် ကိုဗစ်–၁၉ ၏ သက်ရောက်မှု (အဆက်)

- မသေချာမရေရာမှုနှင့် စီးပွားရေးသက်ရောက်မှုများက အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနယ်ပယ် နှစ်ခုစလုံးတွင် အဂတိလိုက်စားမှုများ ဖြစ်နိုင်ခြေကို တိုးပွားလာစေနိုင်သည်။
- အရေးတကြီးဖြည့်ဆည်းရမည့် လိုအပ်ချက်များကြောင့် နိုင်ငံအချို့သည် ကုန်သွယ်ရေး စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်မှု၊ ဝယ်ယူရေးနှင့် အချက်အလက်များ ပွင့်လင်းမြင်သာစွာ ချပြမှုကဲ့သို့ ပွင့်လင်းမြင်သာမှု၊ စောင့်ကြည့်ထိန်းကျောင်းမှုနှင့် တာဝန်ခံမှု လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ကာကွယ်စောင့်ရှောက်မှုများ (safeguards) ကို လျှော့ပေါ့ဆောင်ရွက်ခဲ့ကြပါသည်။
- တရားမဝင်ငွေကြေးစီးဆင်းမှုများနှင့် ငွေကြေးခဝါချမှုများက ပြည်သူ့ဘဏ္ဍာများ၊ အစိုးရ၏ ထိရောက်မှုနှင့် တန်းတူညီမျှ မရှိမှုတို့အပေါ် ဆိုးရွားသော သက်ရောက်မှုများကို ဖြစ်ပေါ်စေလျက် ရှိသည်။
- အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိလျှင် အကြပ်အတည်းအား တုံ့ပြန်ဆောင်ရွက်မှုများကို အားနည်းချိနဲ့စေပြီး ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုမှာလည်း နည်းပါးနိုင်ပါသည်။

## ၁.ခ) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့် အခြေအနေကို နောက်ခံပြု၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

- ကိုဗစ်-၁၉ သည် ကျန်းမာရေးအကြပ်အတည်းတစ်ခုမျှသာမဟုတ်ဘဲ လူမှုစီးပွား ဆိုင်ရာ အကြပ်အတည်းလည်းဖြစ်သလို အုပ်ချုပ်ရေးဆိုင်ရာ အကျပ်အတည်းလည်း ဖြစ်ပါသည်။
- အဓိကကိစ္စရပ်နှစ် ပေါ်ထွက်လာခဲ့ပါသည် -
  - လူမှုစီးပွားဆိုင်ရာသက်ရောက်မှုအား စိစစ်လေ့လာရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ထည့်သွင်းရန် နည်းလမ်းအကြောင်း အသိပညာဗဟုသုတနှင့် လမ်းညွှန်မှုများ မရှိခြင်း၊
  - အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်သော အဖွဲ့အစည်းများအတွင်း ပေါင်းစပ်ညှိနှိုင်းမှု မရှိခြင်း၊
- အဆိုပါကိစ္စများကို မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း -
  - Checklist မေးခွန်း နမူနာများအပါအဝင် အသုံးပြုရမည့် နည်းစနစ်တစ်ခု ပံ့ပိုးပေးခြင်း၊
  - အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်သူများနှင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု ဆန်းစစ်လေ့လာမှု ဆောင်ရွက်သူများအား အတူတကွ စုစည်းပေးခြင်း၊

## (၂) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု ဆန်းစစ်လေ့လာခြင်း၊ လိုအပ်ချက်များ ဆန်းစစ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့အား ပေါင်းစပ်ထည့်သွင်းခြင်း၊

အခန်း (၂) တွင်ပါရှိသည့် အဆင့်(၃)ဆင့်စလုံးအတွက် လမ်းညွှန်မှုများ ပေးအပ်ရန် Checklist မေးခွန်းများအား ပြုစုထားပါသည်။




?

# အဖွဲ့အစည်းများနှင့် နိုင်ငံတော်၏ စွမ်းဆောင်ရည်

Checklist
မေးခွန်းများ

(က) ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည် ထူထောင်ရေး အပေါ် အဂတိလိုက်စားမှု၏ အလုံးစုံ သက်ရောက်မှု အား ဆန်းစစ်ခြင်း

- အမျိုးသားအဆင့် ကိုဗစ်-၁၉ တုံ့ပြန်ရေး သို့မဟုတ် ပြန်လည်ထူထောင်ရေး စီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံအဆင့် စောင့်ကြည့်ထိန်းကျောင်းမှု၊ စာရင်းစစ် သို့မဟုတ် အဂတိလိုက်စားမှု အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းရေးဆွဲခဲ့ပါသလား။
- ထိုအဖွဲ့အစည်းများသည် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်များ (သို့) ညွှန်ကြားချက်များ ထုတ်ပြန်ထား ပါသလား။
- အကြပ်အတည်း တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဦးစားပေးလုပ်ငန်းများတွင် နိုင်ငံ အဆင့်နှင့် ဒေသန္တရအဆင့် အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် ရှင်းလင်း တိကျသော၊ အစပ်အဟပ်မိမိ တစ်ပြေးညီပေါင်းစည်းထားသော အစိုးရတစ်ရပ်လုံးမှ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းတစ်ခု ရှိပါသလား။
- ကျား-မတန်းတူညီမျှမှုနှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်မှုရှိစေရန် အဓိကကျသော ဆုံးဖြတ် ချက်ချမှတ်သော အဖွဲ့အစည်းများအားလုံးတွင် ကျား-မရေးရာ အသိအမြင်နိုးကြားသည့် အကျိုး သက်ဆိုင်သူများ၏ ကိုယ်စားပြုပါဝင်မှုတို့အတွက် ရှင်းလင်းတိကျသော စည်းမျဉ်း များ ရှိပါသလား။
- အစိုးရသည် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု လုပ်ငန်း စဉ်များအား လိုက်နာရန် ကြပ်မတ်ဆောင်ရွက်မှုများကို ဆိုင်းငံ့ထားခြင်း၊ အများပြည်သူ၏ စောင့်ကြည့်စစ်ဆေးမှုတို့ နည်းပါးသွားစေခြင်းတို့ ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(က) ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး အပေါ် အဂတိလိုက်စားမှု၏ အလုံးစုံ သက်ရောက်မှု အား ဆန်းစစ်ခြင်း

(အဆက်)

## တရားဥပဒေစိုးမိုးရေး၊ အစိုးရမူဝါဒများနှင့် လုပ်ငန်းစဉ်များ

- ကိုဗစ်-၁၉ ကာလအတွင်း လွှတ်တော်၊ တရားရေး သို့မဟုတ် ဥပဒေရေးရာ စောင့်ကြည့်ထိန်းကျောင်းမှုများကဲ့သို့ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု လုပ်ငန်းစဉ်များ၏ ကြပ်မတ်မှုကို ခံယူရမည့် အရေးပေါ်လုပ်ပိုင်ခွင့်များ ချမှတ်ပေးခြင်းနှင့် အရေးပေါ် ဥပဒေများနှင့် မူဝါဒများ ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသလား။
- ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စောင့်ကြည့်ထိန်းကျောင်း ကြပ်မတ်မှုကို ခံယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ် ပါရှိပါသလား။

## လူမှုသဟဇာတဖြစ်မှု၊ လူမှုရေးသဘောတူညီချက်နှင့် ယုံကြည်မှု

- တုံ့ပြန်အကြံပြုမှု၊ နစ်နာမှု၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် တရားသဖြင့် ဖြစ်စေခြင်းဆိုင်ရာ ဘက်လိုက်ခြင်းကင်း၍ တရားမျှတပြီး အလွယ်တကူ လက်လှမ်းမီအသုံးပြုနိုင်သည့် လုပ်ငန်းစဉ်များ ရှိပါသလား။ ထိုလုပ်ငန်းစဉ်များကို စာတတ်မြောက်မှု အဆင့် အမျိုးမျိုးရှိသူများနှင့် ဘာသာစကား အမျိုးမျိုးကို ပြောဆိုသော တိုင်းရင်းသားအုပ်စုများနှင့်(သို့မဟုတ်) ဌာနေတိုင်းရင်းသားများအပါအဝင် အကျိုးသက်ဆိုင် သူအားလုံး လက်လှမ်းမီ အသုံးပြုနိုင်ပါသလား။
- ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသော အဂတိလိုက်စားမှုနှင့် လိမ်လည်မှုများကို သတင်းပို့ တိုင်ကြားသူများအား ကာကွယ်စောင့်ရှောက်ပေးသည့် နိုင်ငံအဆင့် ဥပဒေများ ရှိပါသလား။ သတင်းပို့ တိုင်ကြားသူများ အသုံးပြုနိုင်သည့် ဒစ်ဂျစ်တယ် platform များ ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(က) ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည် ထူထောင်ရေးအပေါ် အဂတိလိုက်စားမှု၏ အလုံးစုံ သက်ရောက်မှုအား ဆန်းစစ်ခြင်း

(အဆက်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများ

- အဂတိလိုက်စားမှုစည်းမျဉ်းဥပဒေများ အာဏာတည်စေရေး၊ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် တားဆီးကာကွယ်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေမည့် အစီအစဉ်များကို အစိုးရမှ ချမှတ်ဆောင်ရွက်နေပါသလား။
- ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း အရေးပေါ်လုပ်ဆောင်မှုများအောက်တွင် ဆောင်ရွက်ဆဲ ဖြစ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်နေ ပါသလား။ သို့မဟုတ် ဆိုင်းငံ့ထားပါသလား။
- ကိုဗစ်-၁၉ နှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ရှိပါသလား။

## သတင်းအချက်အလက်များ လက်လှမ်းမီရရှိမှုနှင့် အခြေခံလွတ်လပ်ခွင့်များ

- အရေးပေါ်အခြေအနေ၏ စံလုပ်ငန်းလမ်းညွှန်များအောက်တွင် အစိုးရသည် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်မှု (သို့) သတင်းလွတ်လပ်ခွင့်ဥပဒေများကို ကန့်သတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများကို ပြုလုပ်ခဲ့ပါသလား။
- အစိုးရသည် ပြည်သူများအား ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မီ၊ တိကျစွာ အစပ်အဟပ်မိမိနှင့် တစ်ပြေးညီ လက်လှမ်းမီ ရရှိအောင် ဆောင်ရွက်ပေးပါသလား။
- နိုင်ငံတွင်ရှိ ကိုဗစ်-၁၉ အခြေအနေနှင့် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုတို့ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းများပြုလုပ်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များ လုံလောက်စွာ ရရှိနိုင်သော open data platform တစ်ခု ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ခ) ကိုဗစ်-၁၉ အကျပ်အတည်း စီမံခန့်ခွဲမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအတွင်းရှိ **အဂတိလိုက်စားမှုဖြစ်နိုင်ခြေများကို** ဆန်းစစ်ခြင်း (အဆက်)

## ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း

- ကျန်းမာရေးစောင့်ရှောက်မှုများ ရယူရာတွင် (သို့) ရောဂါပိုးစစ်ဆေးသည့် ကိရိယာများ၊ အသက်ရှူစက်များနှင့် အခြား ဆေးဝါးပစ္စည်းကိရိယာများ အသုံးချရာတွင် အသေးစားအဂတိလိုက်စားမှု (သို့) အခြား မလျော်ကန်သည့် ပြုမူဆောင်ရွက်မှုများကို သတင်းပို့တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်များ ထားရှိပေးထားပါသလား။
- ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် စောင့်ရှောက်ခြင်းများတွင် ရှင်းလင်းတိကျ၍ ပွင့်လင်းမြင်သာရှိသော လုပ်ငန်းလမ်းညွှန်များနှင့် ကျင့်ဝတ်များ ရှိပါသလား။
- ကိုဗစ်-၁၉ ကြောင့် ပြတ်တောက်မှုများနှင့် ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန် ပြည်သူ့ဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရေး အစိုးရမှ လုပ်ဆောင်ခဲ့ပါသလား။
- လွန်ခဲ့သော ၃ နှစ်အတွင်း အဓိကကျသည့် အစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများသည် ကဏ္ဍအလိုက် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်ချက်များကို ဆောင်ရွက်ထားခြင်း ရှိပါသလား။ ရှင်းလင်းတိကျသည့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု မဟာဗျူဟာ ရှိပါသလား။

## ဝယ်ယူရေးလုပ်ငန်းစဉ်

- ဝယ်ယူရေးလုပ်ငန်းစဉ်များအတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိစေမည့် ဥပဒေမူဘောင် တစ်ခု ရှိပါသလား။
- အရေးပေါ်ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် မည်သည့်အခြေအနေများကို "အရေးပေါ်" အခြေအနေဟု သတ်မှတ်ရမည်ဟူသည့် ရှင်းလင်းတိကျသော စံသတ်မှတ်ချက်များ ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ခ) ကိုဗစ်-၁၉ အကြပ်အတည်း စီမံခန့်ခွဲမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအတွင်းရှိ **အဂတိလိုက်စားမှု ဖြစ်နိုင်ခြေများ**ကို ဆန်းစစ်ခြင်း

(အဆက်)

## ဝယ်ယူရေးလုပ်ငန်းစဉ် (အဆက်)

- အရေးပေါ်ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် အစီအစဉ်ရေးဆွဲခြင်း၊ တင်ဒါခေါ်ယူခြင်း၊ တင်ဒါအပ်နှင်းခြင်း၊ ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ အထူးသဖြင့် တိုက်ရိုက်/ညှိနှိုင်း စာချုပ်ချုပ်ဆိုမှုများကို ခွင့်ပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းပေးထားပါသလား။ တင်ဒါကြော်ငြာခြင်း၊ တင်ဒါသွင်းသူများ၏ အချက်အလက်များနှင့် တင်ဒါများအကြောင်း အသေးစိတ် အချက်အလက်များကို အများပြည်သူ အွန်လိုင်းမှ ရရှိနိုင်မည့် အစိုးရဝယ်ယူရေးဆိုင်ရာ platform တစ်ခု ရှိပါသလား။
- အရေးပေါ်အခြေအနေတစ်ခုတွင် ဆေးဝါးပစ္စည်းကိရိယာများ ဝယ်ယူခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ စာချုပ်ချုပ်ဆိုရန်အတွက် ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။
- အစိုးရသည် ဆေးဝါးပစ္စည်းကိရိယာများနှင့် ဝန်ထမ်းများအား ဝယ်ယူခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း၊ ဆေးရုံများတွင် သိုလှောင်ထားသော ဆေးဝါးပစ္စည်းကိရိယာ အခြေအနေများအကြောင်း သတင်းအချက်အလက်များကို အများပြည်သူ သိရှိအောင် ဆောင်ရွက်ပေးထားပါသလား။ ဥပမာ – စာရွက်စာတမ်းများ/TORs၊ SOPs၊ တင်ဒါလုပ်ငန်းစဉ်၊ သိုလှောင်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်များ၊ စသည်။
- ဝယ်ယူသည့်၊ ပံ့ပိုးသည့် ကျန်းမာရေးပစ္စည်းများသည် သင့်လျော်သည့် အရည်အသွေးရှိပြီး သုံးစွဲသူများအပေါ် ရှောင်ရှားနိုင်သည့် အန္တရာယ်များ ကျရောက်ခြင်း မရှိအောင် ဆောင်ရွက်ပေးသည့် အရည်အသွေး သေချာစေမှု လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။
- အာဏာပိုင်များသည် ဝယ်ယူရေးအစီအစဉ်များ၊ ဝယ်ယူရေးအသိပေးကြေညာချက်များ၊ စာချုပ်အပ်နှင်းမှုများ၊ စာချုပ်များ၊ စာချုပ်ပြင်ဆင်ချက်များဆိုင်ရာ အချက်အလက်များကို အများပြည်သူ လက်လှမ်းမီရရှိ အောင် ဆောင်ရွက်ပေးပါသလား။
- ပြည်သူလူထုမှ အဂတိလိုက်စားမှုအား သံသယရှိပါက စောင့်ကြည့်စစ်ဆေးရန်နှင့် သတင်းပို့တိုင်ကြားရန် platform တစ်ခု ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ခ) ကိုဗစ်-၁၉ အကြပ် အတည်း စီမံခန့်ခွဲမှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအတွင်းရှိ **အဂတိ လိုက်စားမှု ဖြစ်နိုင်ခြေများ** ကို ဆန်းစစ်ခြင်း (အဆက်)

## ကျန်းမာရေးနှင့် အရေးပေါ် ရန်ပုံငွေများ၊ လူမှုဖူလုံရေးထောက်ပံ့မှုများနှင့် စီးပွားရေး ပြန်လည်နိုးဆွမှု အစီအစဉ်များ

- အရေးပေါ်ရန်ပုံငွေများ၊ ကျန်းမာရေးရန်ပုံငွေများ၊ အလှူငွေများနှင့် အခြားအကူအညီများကို ထုတ်ပေးခြင်း၊ လက်ခံရရှိခြင်းနှင့် သုံးစွဲခြင်းများကို မျက်ခြည်မပြတ် စောင့်ကြည့်စစ်ဆေးရန် သင့်လျော်သည့် လုပ်ငန်းစဉ်များ (သို့) platform များ ရှိပါသလား။
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အများပြည်သူမှ စောင့်ကြည့်စစ်ဆေးနိုင်ရန် အစိုးရ ဘတ်ဂျက်များဆိုင်ရာ ပွင့်လင်းမြင်သာသော အချက်အလက်များ ရှိပါသလား။
- ရန်ပုံငွေများအား ရန်ပုံငွေဖြည့်ဆည်းမှု ပုံစံအမျိုးမျိုးဖြင့် (ပုံမှန်ဘတ်ဂျက်၊ ဘတ်ဂျက်ပြင်ပ ရန်ပုံငွေများ၊ trust fund များ၊ စီမံချက်ရန်ပုံငွေများ) ခွဲဝေပေးမှုများသည် ရှင်းလင်းတိကျ၍ ပွင့်လင်းမြင်သာ ရှိပါသလား။
- အဆိုပါရန်ပုံငွေဖြည့်ဆင်းမှုပုံစံတစ်ခုချင်းစီ၏ ဒီဇိုင်းနှင့် အသုံးပြုမှုတို့အတွက် စည်းမျဉ်း စည်းကမ်းများ (ဥပမာ ဥပဒေစိစစ်ခြင်း၊ ဘတ်ဂျက်ပေါင်းစည်းခြင်း၊ အကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ စသည်) ရှိပါသလား။
- ကိုဗစ်-၁၉ ရန်ပုံငွေများနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုများ၊ လက်သင့်မခံနိုင်သော ပြုမူဆောင်ရွက်မှုများ (သို့) လိမ်လည်မှုများကို သတင်းပို့တိုင်ကြားနိုင်မည့် လုပ်ငန်းစဉ်များ ရှိပါသလား။
- ရန်ပုံငွေများ သို့မဟုတ် အကူအညီများနှင့် ပြန်လည်နိုးဆွမှုအထောက်အပံ့များကို လူပုဂ္ဂိုလ်များ၊ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများထံ ခွဲဝေဖြန့်ဖြူးပေးမှုများသည် ရှင်းလင်းတိကျပြီး ပွင့်လင်းမြင်သာ ရှိပါသလား။

Checklist

မေးခွန်းများ (အဆက်)

(ဂ) လူမှုစီးပွား တုံ့ပြန်ဆောင်ရွက် မှုအတွင်း ပွင့်လင်း မြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိ လိုက်စားမှုတို့ကို ပေါင်းစပ်ထည့် သွင်းခြင်း

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ အားကောင်းစေခြင်း

- နိုင်ငံတွင် သင့်လျော်သည့် ဥပဒေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ/ မူဝါဒ၊ စောင့်ကြည့်စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းစဉ်များအပါအဝင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အတွက် ဥပဒေနှင့် မူဝါဒ မူဘောင်များ ရှိပါသလား။
- နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်း၊ ဥပဒေစည်းမျဉ်းများ အာဏာသက် ရောက်ရေး ကြပ်မတ်ဆောင်ရွက်သော အဖွဲ့အစည်း၊ စာရင်းစစ်အဖွဲ့အစည်း၊ စသည်ကဲ့သို့ လက်တွေ့ လုပ်ငန်းဆောင်ရွက်နေသည့် အဂတိလိုက်စားမှု အဖွဲ့အစည်းတစ်ခု ရှိပါသလား။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် အခြားသော ဝန်ကြီးဌာနအဖွဲ့အစည်းများ (ဥပမာ-ကျန်းမာရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ စသည်) ကြား ထိရောက်သော ပေါင်းစပ်ညှိနှိုင်းမှု၊ သတင်းအချက်အလက်မျှဝေဖလှယ်မှုနှင့် ဆက်သွယ်ရေးများအတွက် လုပ်ငန်းစဉ်များ ရှိပါသလား။
- ကဏ္ဍများအားလုံးတွင် အစိုးရဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ ဆန်းစစ်မှုများကို ပြုလုပ်ထားပါသလား။ အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဆန်းစစ်ချက်များပေါ်တွင် အခြေခံ၍ ကဏ္ဍများအားလုံးရှိ စနစ်များ၊ ရန်ပုံငွေများ၊ မူဝါဒများနှင့် အစီအစဉ်များအတွင်း အဂတိ လိုက်စားမှုဖြစ်နိုင်ခြေ လျှော့ချရေး လုပ်ငန်းများကို လုပ်ဆောင်နေပါသလား သို့မဟုတ် အစီအစဉ် ရေးဆွဲထားပါသည်။
- အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများအား စောင့်ကြည့်ထိန်းကျောင်းခြင်းနှင့် တာဝန်ခံမှု မြှင့်တင်ရန်နှင့် လိမ်လည်မှု၊ အဂတိလိုက်စားမှုတို့ကို တားဆီးကာကွယ်ရန် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်စေပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ဂ) လူမှုစီးပွား တုံ့ပြန်ဆောင်ရွက်မှုအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတို့ကို **ပေါင်းစပ်ထည့်သွင်းခြင်း** (အဆက်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များ အားကောင်းစေခြင်း (အဆက်)

- အစိုးရသည် ပွင့်လင်းမြင်သာသည့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်၊ သတင်းအချက်အလက်မျှဝေမှုနှင့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများ စောင့်ကြည့်စစ်ဆေးခြင်းတို့ ဖြစ်စေရန်အတွက် အစိုးရအဖွဲ့အစည်းများကြား ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းစဉ် တစ်ခု ချမှတ်ထားရှိပါသလား။
- ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်မှန်ကန်မှု၊ အဂတိလိုက်စားမှု၊ လိမ်လည်မှုတို့နှင့် စပ်လျဉ်း၍ အများပြည်သူ၏ တိုင်ကြားချက်များနှင့် စုံစမ်းစစ်ဆေးမှုများအတွက် သီးသန့် တာဝန်ပေးထားသော အဖွဲ့အစည်းတစ်ခု ရှိပါသလား။
- နိုင်ငံတွင် သတင်းအချက်အလက်များ လက်လှမ်းမီရရှိမှု သို့မဟုတ် သတင်း လွတ်လပ်ခွင့် ဥပဒေများ ရှိပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ဂ) လူမှုစီးပွား တုံ့ပြန်ဆောင်ရွက်မှုအတွင်း ပွင့်လင်း မြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတို့ကို ပေါင်းစပ်ထည့်သွင်းခြင်း

(အဆက်)

## ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဖြောင့်မတ်မှန်ကန်မှုတို့ မြှင့်တင်ရန်အတွက် ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာများကို အသုံးပြုခြင်း

- အစိုးရသည် ပြည်သူ့ဝန်ဆောင်မှုများ၊ အစိုးရဝယ်ယူရေးနှင့် ကန်ထရိုက် လုပ်ငန်းစဉ်များ၊ စသည်တို့အတွက် e-government စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်ထားပါသလား။
- အစိုးရသည် ဘတ်ဂျက်များ၊ အသုံးစရိတ်များ၊ စသည်တို့နှင့်စပ်လျဉ်းသည့် ပွင့်လင်း မြင်သာသော သတင်းအချက်အလက်များကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ် platform များ ထားရှိပါသလား။
- အစိုးရသည် ပြည်သူများမှ အကြံပြုချက်များ ပေးနိုင်သည့်၊ တိုင်ကြားမှုများ ပြုလုပ်နိုင်သည့်၊ နစ်နာဆုံးရှုံးမှုများကို စီမံဆောင်ရွက်နိုင်သည့် ဒစ်ဂျစ်တယ် platform များ ထားရှိပေးထားပါသလား။
- နည်းပညာအသုံးပြု၍ စုပေါင်းဆောင်ရွက်မှု၊ ဒစ်ဂျစ်တယ်တက်ကြွလှုပ်ရှားမှု (digital activism) နှင့် လူထုပါဝင်သော ဆုံးဖြတ်ချမှတ်မှုတို့ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများ ရှိပါသလား။
- နိုင်ငံသားများနှင့် တက်ကြွလှုပ်ရှားသူများသည် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ရန်၊ ပြည်သူ့ရေးရာ တာဝန်ခံမှုကို မြှင့်တင်ရန်နှင့် အားလုံး၏ အကျိုးစီးပွား များကို စုပေါင်း ကိုယ်စားပြုနိုင်မည့် platform များကို ထူထောင်ရန်အတွက် နည်းပညာအခြေခံသော နည်းလမ်းများကို အသုံးပြုနေကြပါသလား။

Checklist

မေးခွန်းများ

(အဆက်)

(ဂ) လူမှုစီးပွား တုံ့ပြန်ဆောင်ရွက်မှုအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတို့ကို **ပေါင်းစပ်ထည့်သွင်းခြင်း** (အဆက်)

## စီးပွားရေးလုပ်ငန်းများ၏ ဖြောင့်မတ်မှန်ကန်မှုနှင့် စုပေါင်းဆောင်ရွက်မှုတို့ကို အားပေးမြှင့်တင်ခြင်း

- စီးပွားရေးလုပ်ငန်းများသည် ကိုဗစ်-၁၉ ကာလအတွင်း တိုးပွားလာသော အဂတိလိုက် စားမှုဖြစ်နိုင်ခြေ အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စီးပွားရေးလုပ်ငန်း များ၏ ဖြောင့်မတ်မှန်ကန်မှု မူဘောင်များကို လိုက်လျောညီထွေ ပြောင်းလဲ အသုံးပြု ခဲ့ပါသလား။
- အစိုးရသည် ကုမ္ပဏီများအား ကုမ္ပဏီတွင်း ထိန်းချုပ်ကြပ်မတ်မှုများ၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုများ ပြုလုပ်ရန် အားပေးခြင်း သို့မဟုတ် ဆွဲဆောင်မှုမက်လုံးများ ပေးခြင်းတို့ ပြုလုပ်ခဲ့ပါသလား။
- စီးပွားရေးလုပ်ငန်းများကို ခိုင်မာအားကောင်းသည့် ကော်ပိုရိတ်အုပ်ချုပ်ရေးစနစ်များ ထားရှိကျင့်သုံးရန် အားပေးပံ့ပိုးပါသလား။
- ထိခိုက်စေမည့်အကြောင်းများအား ကြိုတင်တားဆီးမှု (due diligence) လုပ်ငန်းစဉ်များ ရှိပါသလား။
- အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို တရားမျှတ၍ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှု ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသလား။
- နာမည်ပျက်စာရင်းသွင်းသည် စနစ် (ဥပမာ အချင်းချင်းညှိ၍ အမြတ်ထွက်ရန် ပူးပေါင်းကြံစည်သော စီးပွားရေးသမားများစာရင်း) ရှိပါသလား။ ရှိလျှင် မည်သို့ စီစဉ်ဆောင်ရွက် ကျင့်သုံးပါသနည်း။

# စောင့်ကြည့်ထိန်းကျောင်းမှုကို မြှင့်တင်အားပေးရန်အတွက် ပြည်သူ့ရေးရာတာဝန်ခံမှု၊ အားလုံး ပါဝင်နိုင်မှု၊ ရပ်ရွာလူထု ပါဝင်ဆောင်ရွက်မှုနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား အားပေးကူညီခြင်း

## Checklist မေးခွန်းများ (အဆက်)

### (ဂ) လူမှုစီးပွား တုံ့ပြန်ဆောင်ရွက်မှုအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် အဂတိလိုက်စားမှုတို့ကို ပေါင်းစပ်ထည့်သွင်းခြင်း (အဆက်)

- အစိုးရသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို အားပေးမြှင့်တင်ရန် (ဥပမာ အပြုသဘောဆောင်သော အပြန်အလှန်ဆွေးနွေး ဖလှယ်မှုများမှတစ်ဆင့်) ဆောင်ရွက်ခဲ့ပါသလား။
- နိုင်ငံတွင်သတင်းလွတ်လပ်ခွင့် ဥပဒေ သို့မဟုတ် အက်ဥပဒေတစ်ခု ရှိပါသလား။ အစိုးရ မူဝါဒများ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ၊ ပြည်သူများ၏ တိုင်ကြားမှု လုပ်ငန်းစဉ်များ စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို အကျိုးသက်ဆိုင်သူများ အချိန်မီ လွတ်လပ်စွာ လက်လှမ်းမီရယူနိုင်မှုကို အားပေးကူညီသော အခြားအစိုးရမူဝါဒများ ရှိပါသလား။
- အကယ်၍ အစိုးရမှ သတင်းအချက်အလက်များကို အရေးတယူ ဖွင့်ဟထုတ်ဖော်မှုများ မရှိလျှင်လည်း တောင်းဆိုလျှင်မူ အချက်အလက်များ ရရှိနိုင်သည့် ရှင်းလင်းတိကျ၍ လက်လှမ်း မီနိုင်သော လုပ်ငန်းစဉ်များ ရှိပါသလား။
- အကျိုးသက်ဆိုင်သူများအတွက် တရားမျှတမှုကို လက်လှမ်းမီကြောင်း သေချာရန် အထောက်အကူပြုမည့် သင့်လျော်သော အစီအစဉ်များနှင့် အဖွဲ့အစည်းများ ရှိနေပါသလား။ ဥပမာဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ ဥပဒေ အသိအမြင်ဖွင့်ပေးမှု၊ ဥပဒေဆိုင်ရာ အထောက်အကူနှင့် တိုင်ပင်ဆွေးနွေး အကြံပေးမှု အစီအစဉ်များ၊ စီရင်ဆုံးဖြတ်ခြင်း၊ ဥပဒေစည်းမျဉ်းများ အာဏာသက်ရောက်စေခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လွှတ်တော်မှ စောင့်ကြည့် ထိန်းကျောင်းမှုတို့ ဖြစ်ပါသည်။
- အစိုးရသည် အဂတိလိုက်စားမှု၊ ကျင့်ဝတ်နှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ကိစ္စများအား အများပြည်သူ သိရှိမှုမြင့်မားစေရန် ဆောင်ရွက်ခဲ့ပါသလား။

- လမ်းညွှန်မှတ်စု အပြည့်အစုံကို အောက်ပါလင့်ခ်တွင် ရရှိနိုင်ပါသည် -
- https://www.undp.org/content/undp/en/home/librarypage/democratic-governance/anti-corruption/integrating-transparency--accountability-and-anti-corruption-in-.html